ICRC

၂၀၂၁ခုနှစ်၊ ဇွန်လ ၃ရက်

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များဆွေးနွေးရန် အိုင်စီအာရ်စီ ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ လာရောက်**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) ဥက္ကဋ္ဌ Peter Maurer သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံရန် ၂၀၂၁ခုနှစ်၊ ဇွန်လ ၃ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်ပါသည်။

အဆိုပါတွေ့ဆုံရာတွင် ဥက္ကဋ္ဌ Maurer သည် မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ လွန်ခဲ့သည့် နှစ်များအတွင်း သိသိသာသာ တိုးတက်များပြားလာကြောင်း အလေးအနက်ထား ပြောကြားပါသည်။

"လက်နက်ကိုင်ပဋိပက္ခ၊ ကိုဗစ်-၁၉ကပ်ရောဂါနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေမှာ မြန်မာနိုင်ငံမှာရှိတဲ့ အများပြည်သူတွေဟာ အရေးပေါ်အကူအညီနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ လိုအပ်နေပါတယ်"

"ဒီခရီးစဉ်ဟာ လက်ရှိဖြစ်ပွားနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေအပေါ် အိုင်စီအာရ်စီရဲ့ စိုးရိမ်မှုများကို ဆွေးနွေးဖို့နဲ့ ကြားနေပြီးခွဲခြားမှုမရှိတဲ့ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိကြိုးပမ်းဆောင်ရွက်ချက်တွေကို ပိုမိုအားကောင်းလာစေဖို့ ရည်ရွယ်ပါတယ်" ဟု ဥက္ကဋ္ဌ Maurerက ပြောကြားပါသည်။

လက်ရှိလိုအပ်ချက်ပမာဏနှင့် အတိုင်းအတာကိုထောက်ရှု၍ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့အပါအဝင် လိုအပ်သည့်နေရာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ပို၍ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ဆောင်ရွက်နိုင်ခွင့်အတွက် အိုင်စီအာရ်စီ ဥက္ကဋ္ဌက တိုက်တွန်းဆွေးနွေးခဲ့ပါသည်။

လူသားချင်းစာနာထောက်ထားမှုသက်သက်သာဖြစ်သည့် အကျဉ်းထောင်များသို့သွားရောက်လေ့လာခြင်းနှင့် အကျဉ်းထောင်အတွင်း ဆောင်ရွက်သည့်လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်သည် အိုင်စီအာရ်စီအတွက် အရေးကြီးကြောင်းကိုလည်း ရှင်းလင်းပြောဆိုခဲ့ပါသည်။ အကျဉ်းထောင်များသို့သွားရောက်လေ့လာခြင်းနှင့် အကျဉ်းထောင်အတွင်းလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ရပ်တန့်ထားရပါသည်။ ဖမ်းဆီးထိန်းသိမ်းခံထားရသူများအားလုံးအပေါ် လူသားချင်းစာနာစွာ ပြုမူဆက်ဆံခြင်းနှင့် ထိန်းသိမ်းထားရှိရာတွင်လည်း လူသားချင်းစာနာမှုရှိသောအခြေအနေများရှိစေရန် ထိုကဲ့သို့သွားရောက်လေ့လာခြင်းနှင့် လုပ်ငန်းများကိုဆောင်ရွက်ပေးခြင်းတို့သည် အလွန်အရေးကြီးပါသည်။ ထို့အပြင် အကျဉ်းကျခံနေရသူများနှင့် ယင်းတို့၏မိသားစုများ အဆက်အသွယ်ပြန်လည်ရရှိစေရေးသည်လည်း အလွန်အရေးကြီးပါသည်။

မြန်မာနိုင်ငံရှိ စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များနှင့် အိုင်စီအာရ်စီအကြား အတွင်းရေးကိစ္စအဖြစ် တွေ့ဆုံဆွေးနွေးပြောဆိုသည့် လုပ်ငန်းဆောင်ရွက်မှု မူဘောင်အတွင်းမှနေ၍ လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်အားအသုံးပြုမှုနှင့် အခြားအဓိကအရေးပါသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များအား ဥက္ကဋ္ဌ Maurer က ဆွေးနွေးခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ အထူးသဖြင့် ရှေးဦးပြုစုခြင်း၊ လူနာတင်ယာဉ်ဝန်ဆောင်မှုပေးခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးခြင်း စသည့်နယ်ပယ်များတွင် ပိုမိုတိုးမြှင့်ကူညီဆောင်ရွက်မည့် အိုင်စီအာရ်စီ၏ ကတိကဝတ်ကိုလည်း ဥက္ကဋ္ဌ Maurer က ထပ်လောင်းပြောကြားခဲ့ပါသည်။ အဆိုပါအကူအညီပေးမှုများကို မြန်မာနိုင်ငံရှိ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ပါသည်။

အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားရသူများအား အကူအညီပေးလာခဲ့သည်မှာ နှစ်ပေါင်း၃၀ကျော်ပြီဖြစ်ပါသည်။ ယင်း၏ တစ်ခုတည်းသောတာဝန်ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှု အခြေအနေများ၏ဒဏ်ကို ခံရသူများအား ကာကွယ်စောင့်ရှောက်မှုပေးရန်နှင့် ယင်းတို့အား အထောက်အပံ့ပေးရန် ဖြစ်ပါသည်။ ထို့အပြင် အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဥပဒေနှင့် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူများကို အများသိရှိလေးစားလိုက်နာလာအောင် ဆောင်ရွက်ခြင်းနှင့် ခိုင်မာလာအောင်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲဒုက္ခများကို ကာကွယ်တားဆီးရန်လည်း ကြိုးပမ်းဆောင်ရွက်ပါသည်။